## ၁-၄-၂၀၁၉ ရက်နေ့မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိ (၆)လတာကာလအတွင်းရရှိသည့် လစာခေါင်းစဉ်မှ ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်တွက်ချက်မှု (နမူနာပုံစံ)

လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အဆိုပါကာလအတွင်း ရရှိမည့်ဝင်ငွေကို နှစ်ဆပြုလျှင် ကျပ် ၄၈ သိန်း ထက်မပိုပါက မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ၊ နှစ်ဆပြု၍ ရရှိသောဝင်ငွေသည်ကျပ် ၄၈ သိန်း ထက်ပိုပါက ယင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ၆အရ သက်သာခွင့်များခုနှိမ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန် တွက်ချက်ရမည်။ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်သည်။

ဦးဖြူသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ၆ လတာကာလအတွင်း ပိုင်ပိုင်ထွန်းသံမဏိစက်ရုံတွင် လစာငွေ တစ်လကျပ် ၅သိန်း ရရှိသော မန်နေဂျာဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ၆လတာ ကာလအတွင်း ရရှိခဲ့သည့် ဦးဖြူ၏လစာဝင်ငွေမှ ပေးဆောင်ရမည့် ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်ရပါမည်-

**ဝင်ငွေခွန်တွက်ချက်မှု**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်နေ့အထိ

(၆)လတာကာလအတွင်း ဦးဖြူရရှိခဲ့သည့် စုစုပေါင်းအခြေခံလစာဝင်ငွေ = ၃,၀၀၀,၀၀၀ ကျပ်----(A)

(တစ်လ အခြေခံလစာငွေ ၅၀၀,၀၀၀× ၆ လ)

- တစ်နှစ်စာရရှိမည့် အခြေခံလစာဝင်ငွေ (A) ၏ ၂ဆ = ၆,၀၀၀,၀၀၀ ကျပ်----(B)
- (၆)လတာကာလအတွင်း အမှန်တကယ်ရရှိသည့် နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေတို့မှ ဝင်ငွေ = x x x x x x x ကျပ်----(C)

တစ်နှစ်စာရရှိမည့် လစာခေါင်းစဉ်မှဝင်ငွေ ( B+C ) = x x x x x x x ကျပ်----(D)

(နုတ်) ပုဒ်မ၆အရသက်သာခွင့်ပြုငွေများ

| | | |
|---|---|---|
| အခြေခံသက်သာခွင့်( (D) ၏ × ၂၀% ) | = | x x x x x ကျပ် |
| အတူနေမိဘနှစ်ဦးအတွက် သက်သာခွင့် | = | x x x x x ကျပ် |
| အိမ်ထောင်ဖက်အတွက် သက်သာခွင့် (ရှိပါက) | = | x x x x x ကျပ် |
| သားသမီးအတွက် သက်သာခွင့်(ရှိပါက) | = | x x x x x ကျပ် |
| အခွန်ထမ်းနှင့်ဇနီးအတွက် အသက်အာမခံပေးသွင်းငွေ | = | x x x x x ကျပ် |
| အခွန်ထမ်းအတွက် ထည့်ဝင်သည့်လူမှုဖူလုံရေးရန်ပုံငွေ | = | x x x x x ကျပ် |

= (x x x x x x)ကျပ်

| | | |
|---|---|---|
| တစ်နှစ်စာအခွန်စည်းကြပ်ရန်ဝင်ငွေ | = | x x x x x xကျပ်----(E) |
| တစ်နှစ်စာကျသင့်ဝင်ငွေခွန် | = | x x x x x xကျပ်----(F) |
| (၆)လတာကာလအတွက် ကျသင့်ဝင်ငွေခွန် {(F)၏တစ်ဝက်} | = | x x x x x xကျပ်----(G) |
| လစဉ် နုတ်ယူပေးသွင်းရမည့် လစာဝင်ငွေခွန် {(G)÷၆} | = | x x x x x xကျပ်----(H) |